
# မင်းထက်မောင်

# ဒီလိုညနေခင်းမျိုးမှာ
# ငါစဉ်းစားနေမိတာ



mgyoe.com

mgyoe.com

# မင်းထက်မောင်

ဒီလိုညနေခင်းမျိုးမှာ
ငါစဉ်းစားနေမိတာ



poem0021
1300.00 Ks

mgyoe.com

ဒီလိုညနေခင်းမျိုးမှာငါစဉ်းစားနေမိတာ ကဗျာများ။ မင်းထက်မောင်
မျက်နှာဖုံးပန်းချီ - ဘငွေးကြည်၊ စာမျက်နှာ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဒီလိုညနေခင်းမျိုးမှာ ငါစဉ်းစားနေမိတာ

## ကဗျာများ

မင်းထက်မောင်

ပထမအကြိမ်၊ ၂၀၀၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| - | ကဗျာရေးသူထံမှ | က |
| ၁။ | ငွေပန်းဖြူဖြူဖွေးဖွေးကလေး | ၁ |
| ၂။ | ငါတို့ခေတ်ရဲ့ နတ်မြင်းပျံ | ၂ |
| ၃။ | ဧည့်သည်ကြီးရဲ့ လက်ဆောင်တေး | ၃ |
| ၄။ | မှားပါတယ် လူကြီးမင်း | ၄ |
| ၅။ | နောက်ဆုံးတောက်ပခြင်း | ၅ |
| ၆။ | အနုပညာရှင်ဗာဒံပင် | ၆ |
| ၇။ | တော်သေးရဲ့ဇာတ်လမ်း | ၇ |
| ၈။ | ရောသမမွှေခဲ့ပြီးတဲ့နောက် | ၈ |
| ၉။ | ဒ္ဒိဟာနဲ့ စောင့်မျှော်မော | ၉ |
| ၁၀။ | မိုးခိုသူ နှစ်ဦး | ၁၀ |
| ၁၁။ | မိုးကိုဘယ်သူတိတ်စေမှာလဲ | ၁၁ |
| ၁၂။ | မိုးသည်းသည်းထဲ သတိရချက် | ၁၂ |
| ၁၃။ | မှုန်ရီဝိုးတဝါး | ၁၃ |
| ၁၄။ | ငါရှာမရတဲ့ အဖြေ | ၁၄ |
| ၁၅။ | ဒီနေ့ ဘယ်ကိုမှ ငါမသွား | ၁၅ |
| ၁၆။ | လက်ပတ်နာရီတစ်လုံးလို | ၁၆ |
| ၁၇။ | တိတ်ဆိတ်သန်းခေါင်ယံထဲ | ၁၇ |


mgyoe.com

mgyoe.com


၁၈။ မလှန်ဖြစ်သေးတဲ့ စာမျက်နှာသစ် ၁၈
၁၉။ ပန့်ချ်ယဉ်ကျေးမှု ၁၉
၂၀။ သင့်သဘော သင့်အလို ၂၀
၂၁။ ငြိမ်းချမ်းရေးနှင့် စစ် ၂၁
၂၂။ ဟောဒီနေ့ရက်တွေ ၂၂
၂၃။ မလိုတော့တဲ့ အချိန် ၂၃
၂၄။ ဖတ်သူဘက်က ရပ်ကြည့်ခြင်း ၂၄
၂၅။ ရှစ်လေးလုံးသို့ အမှတ်တရ ၂၅
၂၆။ ချစ်စဖွယ် လောကကြီး ၂၆
၂၇။ ဘာမှ မရတဲ့ နေ့ ၂၇
၂၈။ ကဗျာဆရာကိုလှသန်းသို့ ၂၈
၂၉။ မတတ်နိုင်တဲ့အရာ ၂၉
၃၀။ မိုက်မဲစွာ လွတ်မြောက်ခန်း ၃၀
၃၁။ ညည့်နက်ထဲက သီချင်းသံ ၃၁
၃၂။ ဘယ်ဆီကိုသွား ၃၂
၃၃။ ကိုယ့်မွေးနေ့တစ်ရက်မှာ ၃၃
၃၄။ ကျောက်ပန်းတောင်း ၃၄
၃၅။ မြို့ကြီးသူနဲ့ အညာသူ ၃၅
၃၆။ ရာဇဝင်တွေနဲ့ ပုဂံမြေ ၃၆
၃၇။ အညာမြေထဲ သူ့အမေး ၃၇
၃၈။ ရာသီကူးပြောင်းစ ၃၈
၃၉။ ဆောင်းမရောက်မီ တစ်နံနက် ၃၉
၄၀။ စိတ်ကူးမရှိတဲ့ ကဗျာ ၄၀
၄၁။ နီရိုးဘုရင်သို့ အမှတ်ရချက် ၄၁
၄၂။ ရပ်ကွက်စာပေဟောပြောပွဲတစ်ခုမှာ ၄၂
၄၃။ တစ်ဖက်သတ်မတွေးကြေး ၄၃
၄၄။ မိုးတစ်ညနှင့် ကြိုးတစ်စ ၄၄
၄၅။ မဟာမှိုင်းနှင့် နှစ်ပေါင်းများစွာ ၄၅


mgyoe.com

mgyoe.com

၄၆။ ငါဘာလို့အိပ်မပျော် ၄၆
၄၇။ ခြောက်ကြိုးကဝေမကလေးနဲ့ ငါ ၄၇
၄၈။ ပေါ့ပေါ့ပါးပါးသာ ၄၈
၄၉။ ပျော်ကြပါစေကြောင်း ၄၉
၅၀။ မိုးစဲလင်းပွင့် ၅၀
၅၁။ ဆန်းတဲ့ တေးကို ဆိုစမ်းပါ ၅၁
၅၂။ ပညာရှင်တွေ တီထွင်ထားတဲ့လောက ၅၂
၅၃။ အရွယ်နဲ့စိတ် ၅၃
၅၄။ အလွတ်ကန် နိုင်ငံရေး ၅၄
၅၅။ အသံမဲ့ အော်ပရာ ၅၅
၅၆။ ဘောဂဗေဒကစားနည်း ၅၆
၅၇။ အစိုးရ မကြိုက်သူ ၅၇
၅၈။ အကောင်းဆုံးနည်းလမ်း ၅၈
၅၉။ ပြေးနေတဲ့ မင်းနဲ့ငါ ၅၉
၆၀။ လူငယ်ဘဝနှစ်ခု ၆၀
၆၁။ ထူးထွေတည့်အံ့ရာသော် ၆၁
၆၂။ အသက်ကြီးသွားတဲ့ ခြေထောက် ၆၂
၆၃။ သန်းခေါင်ယံဂီတ ၆၃
၆၄။ စကားမစပ် ငြိမ်းချမ်းရေး ၆၄
၆၅။ ဒဏ်ရာအနာတရနဲ့ နေ့ရက်များ ၆၅
၆၆။ ငြိမ်းချမ်းရေးကို ဆာလောင်မွတ်သိပ် ၆၆
၆၇။ ငါ့ရင်ထဲမိုးသားတွေအုံ့ဆိုင်း ၆၇
၆၈။ ငရဲနှင့် နိဗ္ဗာန် ၆၈
၆၉။ စက်တင်ဘာ၌ သေဆုံးခြင်း ၆၉
၇၀။ အဲဒီတော့ ဘာဖြစ်သလဲ ၇၀
၇၁။ ငါတို့ရွှေပြည် ငါတို့ဘဝ ၇၁
၇၂။ ငါ့အသက် ငါးဆယ်ပြည့်တဲ့နေ့မှာ ၇၂
၇၃။ သက်တမ်းတစ်ဝက်စာမေးပွဲ ၇၃

mgyoe.com

mgyoe.com


၇၄။ သီတင်းကျွတ်လပြည့်နေ့ည ၇၄
၇၅။ ကိုယ့်လွတ်မြောက်မှုနဲ့ကိုယ် ၇၅
၇၆။ မီးပျက်သွားတဲ့ည ၇၆
၇၇။ စိတ်မြေဖြူရေးချက် ၇၇
၇၈။ ငါတို့ရွာ ငါတို့အကြောင်း ၇၈
၇၉။ ဒီလိုညနေခင်မျိုးမှာ ငါစဉ်းစားနေမိတာ ၇၉
၈၀။ မြို့စွန်မြို့ဖျားက ရှုမျှော်ခင်းပန်းချီကား ၈၀
၈၁။ အသက်ရှူကျပ်တဲ့ တနင်္ဂနွေ ၈၁
၈၂။ နေပူမိုးရွာ သူခိုးလာပြဇာတ်ထဲ ၈၂
၈၃။ အပျော်အပျက် မဟုတ်တဲ့ သရော်ချက် ၈၃
၈၄။ မရိုးစင်းတဲ့ သတင်းတစ်ပုဒ် ၈၄
၈၅။ အိပ်ရာထဲက ပြန်ထ ၈၅
၈၆။ တိတ်ဆိတ်သော ဖိစီးမှု ၈၆
၈၇။ ကလောရဲ့ဆောင်းည ၈၇
၈၈။ မည်းနက်ရက်စက် ၈၈
၈၉။ ခရစ္စမတ်နေ့မှာ ဘာကြောင့်များပ ၈၉
၉၀။ ဗိုလ်ချုပ်ပြောတဲ့နိုင်ငံ ၉၀
၉၁။ ဆေးသကြားတွေ များလွန်းလို့ ၉၁
၉၂။ သနားစဖွယ် အမိုက်အမဲ ၉၂
၉၃။ အလိုကြီးမှုအရ ၉၃
၉၄။ ၂၀၁၅ အကူးမှာ ၉၄
၉၅။ မင်းမရှိတဲ့ နှစ်သစ်ကူးည ၉၅
၉၆။ နှစ်သစ်ကူးသန္နိဋ္ဌာန် ၉၆
၉၇။ ဘာမှမထူးတဲ့ နှစ်သစ်ကူးဆုတောင်း ၉၇
၉၈။ ဟောဒီ ကမ္ဘာလောကကြီးထဲ ၉၈


mgyoe.com

mgyoe.com

## ကဗျာရေးသူထံမှ

ဒီကဗျာစာအုပ်ထဲမှာ ပါဝင်တဲ့ ကဗျာကလေးတွေက ကျွန်တော် ပုံမှန်ရေးနေကျ ကဗျာတွေနဲ့မတူဘဲ သီးခြားစိတ်တစ်ခု၊ သီးခြားပုံစံ တစ်မျိုးအနေနဲ့ ရေးသားထားတဲ့ ကဗျာတိုကလေးတွေပဲ ဖြစ်ပါတယ်။ ကဗျာတစ်ပိုဒ်ကို သုံးကြောင်းစီနဲ့ နှစ်ပိုဒ်ခွဲပြီး ရေးဖွဲ့ထားတာမို့ ကဗျာ တစ်ပုဒ်လုံးမှာ စုစုပေါင်းစာကြောင်းရေခြောက်ကြောင်းပဲ ရှိပါတယ်။ ဒါကြောင့် ဒီကဗျာကလေးတွေကို သုံးကြောင်း နှစ်ပိုဒ်ကဗျာလို့ ခေါ်ရ မလား၊ ခြောက်ကြောင်းကဗျာလို့ ခေါ်ရမလားတော့ မသိပါ။ လောလော ဆယ်အနေနဲ့ ခြောက်ကြောင်းကဗျာလို့ပဲ အလွယ်ခေါ်ဆိုထားလိုက်ကြ ပါစို့။

တကယ်တော့ ဒီလိုခြောက်ကြောင်းကဗျာမျိုးကို ကျွန်တော်အခု မှ စတင်ရေးဖွဲ့ဖြစ်တာတော့ မဟုတ်ပါ။ ကျွန်တော်ကဗျာရေးစအရွယ် လူငယ်ဘဝလောက်ကတည်းကစလို့ အလျဉ်းသင့်ရင်သင့်သလို ပုံသဏ္ဌာန် ယူငင်သုံးစွဲလို့ ရေးသားခဲ့ဖူးပါတယ်။ ကျွန်တော်မှ မဟုတ်၊ အခြားကဗျာ ဆရာများလည်း ဒီလိုကဗျာပုံစံမျိုးကို များစွာရေးသားခဲ့ကြဖူးပါလိမ့်မယ်။ ဒါဟာ ဘာမှထူးထူးခြားခြားရှိတဲ့ ကဗျာပုံစံသစ်လည်း မဟုတ်ဘဲ အလွန် ရိုးရှင်းတဲ့ ပုံစံဟောင်းတစ်ခုသာ ဖြစ်ပါတယ်။

အဲဒီလို ရိုးလည်း ရိုးရှင်း၊ တိုလည်း တိုတောင်းတဲ့ ကဗျာပုံစံကလေး ကို ရင်ထဲစွဲငြိပြီး ဒီဘက်ပိုင်း သုံးလေးငါးနှစ်လောက်မှာတော့ သီးသန့်

mgyoe.com

mgyoe.com




ရေးဖွဲ့မှုတစ်ခုအနေနဲ့ ကျွန်တော်အစဉ်တစိုက်ရေးသားလာခဲ့မိပါတယ်။ အစဉ်တစိုက်ဆိုပေမဲ့လည်း စိတ်လာရင်လာသလိုမျိုး ရေးဖြစ်ခဲ့တာပါ။ ရေးတာကလည်း ဖျတ်ခနဲမြင်တာတွေ့တာ၊ တွေးမိတာကလေးတွေကို ရှင်းလင်းပေါ့ပါးစွာ ချရေးမိတာမျိုးပါ။ ပြီးတော့ ဒီကဗျာကလေးတွေ ရေးသားဖြစ်ခြင်းမှာ ကျွန်တော်ဖြတ်သန်းလာခဲ့ရတဲ့ နေ့ရက်တွေထဲ အမှတ်တရဆန်ဆန်၊ မှတ်တမ်းဆန်ဆန်တို့ထိရေးသားမိတဲ့ သဘောလည်း ပါဝင်နေပြန်ပါတယ်။ ဒါကြောင့် တချို့ကဗျာကလေးတွေက ကျွန်တော့်ရဲ့ပုဂ္ဂလိကခံစားမှု သက်သက်မျှပဲ ဖြစ်ပါတယ်။

အခုဒီစာအုပ်ထဲမှာတော့ ၂၀၁၂၊ ၂၀၁၃ နဲ့ ၂၀၁၄ ခုနှစ်တွေထဲမှာ ရေးဖြစ်ခဲ့တဲ့ အဲဒီခြောက်ကြောင်း ကဗျာကလေးတွေကို ရသမျှ စုစည်းလို့ တင်ဆက်ထားပါတယ်။ မာတိကာကို ကဗျာရေးခဲ့တဲ့ရက်စွဲ အစဉ်လိုက်အတိုင်း ဖော်ပြထားသလို ဒီကဗျာစာအုပ်ရဲ့ အမည်ကိုလည်း ဒီအထဲမှာပါဝင်တဲ့ ကဗျာတစ်ပုဒ်ရဲ့ ခေါင်းစဉ်ကိုပဲ ရွေးချယ်ထုတ်နုတ်လို့ ပေးလိုက်ပါတယ်။ ကဗျာရေးသူက ပေါ့ပေါ့ပါးပါးနဲ့ ရေးထားတဲ့ ကဗျာကလေးတွေမို့ ကဗျာဖတ်သူတွေအနေနဲ့လည်း ပေါ့ပေါ့ပါးပါးနဲ့ ဖတ်ရှုနိုင်ကြလိမ့်မယ်လို့ ထင်ပါတယ်။ ဒီကဗျာကလေးတွေကို ပေါ့ပေါ့ပါးပါး ဖတ်ရှုရင်း အများကြီး မဟုတ်တောင် အနည်းအကျဉ်းလောက်တော့ ကျေနပ်နှစ်သက်ကြဖို့ မျှော်လင့်မိကြောင်းပါ။

ဒီကဗျာစာအုပ်ကို စိတ်ကူးချိုချိုစာအုပ်တိုက်ရဲ့ ၁၇ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေမယ့် ကဗျာစာအုပ်တွေထဲမှာ ထည့်သွင်းထုတ်ဝေတာဖြစ်တဲ့အတွက် စာမူတောင်းခံလာသူ ကိုမိုးဝေးနဲ့ ထုတ်ဝေသူ ကိုစန်းဦးတို့ကို ကျေးဇူးအထူးတင်ရှိကြောင်းလည်း ဆိုခဲ့ပါရစေ။

ချစ်ခင်လေးစားလျက် . . .
မင်းထက်မောင်
၂၄၊ ၆၊ ၂၀၁၆။

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


## ငွေပန်းဖြူဖြူဖွေးဖွေးကလေး

ငွေပန်းဖြူဖြူဖွေးဖွေးကလေး
ခြောက်သွေ့ညစ်နွမ်း ရန့်ပြယ်လွင့်လို့
လမ်းပေါ်မှာ ပြားချပ်နေ။

ဟိုယခင် ရက်တွေတုန်းကတော့
သူ့မိခင် ပင်ယံထက်ဆီမှာ
လန်းဆန်းမြူးကြွ လှသွေးရည်ဝနေခဲ့ပေလိမ့်။

၁၊ ၈၊ ၂၀၁၂။

mgyoe.com

mgyoe.com


## ငါတို့ခေတ်ရဲ့ နတ်မြင်းပျံ

တရားမဝင် နံပါတ်မဲ့ဆိုင်ကယ်တွေ
မြက်ရိုင်းတွေမျိုးပွားသလို ပွထများပြား
ရန်ကုန်မြို့ရဲ့ အစွန်အဖျား။

ရပ်ကွက်ကြို ရပ်ကွက်ကြားက
လမ်းတိုလမ်းသွယ်များမှာ ဆူညံပြေးလွှား
ငါတို့ခေတ်ရဲ့ နတ်မြင်းပျံတွေလား။

၁၊ ၈၊ ၂၀၁၂။

mgyoe.com

mgyoe.com

## ညော့်သည်ကြီးရဲ့ လက်ဆောင်တေး

'ဆေးလိပ်လည်းတို
နေလည်းညိုပြီ
ငါ့ကို ပြန်ပို့ကြပါလေ' တဲ့ သူ့ကဗျာ။

ဧည့်သည်ကြီး ပြန်သွားတာကြာခဲ့ပြီ
သူထားရစ်ခဲ့တဲ့ လက်ဆောင်တေးတစ်ပုဒ်ကတော့
လူတိုင်းရဲ့ ရင်ထဲလှုပ်ခတ်ဆဲ။

၁၊ ၈၊ ၂၀၁၂။

mgyoe.com

mgyoe.com

## မှားပါတယ် လူကြီးမင်း

ဖုန်းကလည်း မှားဆက်သေး
တစ်ဖက်ကနေ ရန်ကလည်း ထောင်လိုက်သေး
လူကြီးမင်းနဲ့ ဘယ်လိုဆွေးနွေးရမလဲ။

မှားပါတယ် မှားပါတယ်
တကယ်တော့ ဆက်သွယ်မှုဇရိယာပြင်ပမှာ
ငါရှိနေခဲ့ရမှာ။

၁၊ ၈၊ ၂၀၁၂။

mgyoe.com

## နောက်ဆုံး တောက်ပခြင်း

ဖျက်သိမ်းခံစာရင်းထဲ ဝင်နေတဲ့
ဆလွန်းကားကလေးတစ်စီး
ဒါပေမဲ့ အရောင်အသွေးတောက်ပကော့ရှလို့။

ဒါဟာ မင်းဘဝရဲ့ နောက်ဆုံးတောက်ပခြင်းလား
ပေတစ်ရာလမ်းမပေါ် ဝေါခနဲ မောင်းနှင်သွားပုံ
ငါ စိတ်လှုပ်ရှားရ။

၁၊ ၈၊ ၂၀၁၂။

mgyoe.com


mgyoe.com


## အနုပညာရှင်ဗာဒံပင်

ငါ့အိမ်ရှေ့က ဗာဒံပင်ကလေးဟာ
တဖြည်းဖြည်းနဲ့ ဗာဒံပင်ကြီးဖြစ်လို့လာ
အခုတော့ကာ အုံ့အုံ့ဆိုင်းဆိုင်းဖားဖားဝေဝေနဲ့။

သူ့အရိပ်ဟာ အလွန်အေးမြ
သူ့ရွက်ကြွေတွေ ခဏခဏလှည်းကျင်းရတာဒုက္ခ
သူဟာ အနုပညာရှင်တစ်ယောက်ပမာကွဲ့။

၁၊ ၈၊ ၂၀၁၂။






mgyoe.com

## တော်သေးရဲ့ ဇာတ်လမ်း

ဘဲပေါက်စကလေး တစ်ဆယ့်ခုနစ်ကောင်
တစ်ကောင်ပြီး တစ်ကောင် သေသေသွားတာ
ကြီးလာတော့ နှစ်ကောင်သာ ကျန်တော့ရဲ့။

ဒါပေမဲ့ တော်သေးရဲ့
ကျန်ခဲ့တဲ့ နှစ်ကောင်က
အထီးတစ်ကောင်နဲ့ အမတစ်ကောင်။

၁၊ ၈၊ ၂၀၀၂။



mgyoe.com

## ရောသမမွှေခဲ့ပြီးတဲ့နောက်

ဂျပန်နဲ့ အမေရိကန်ကဗျာဆရာတွေရဲ့
မော်ဒန်ဟိုက္ကုနဲ့ မော်ဒန်တန်ကတွေ
ငါ ရောသမမွှေခဲ့ပြီးတဲ့နောက်။

စူပါမားကက်ထဲ ဗုံးပေါက်ကွဲသလို
သင့်ထံသို့ မလိုလားအပ်စွာ ရောက်ရှိလာခဲ့သော
ဟောဒီအမောမပြေအပိုင်းအစများ။

၁၊ ၈၊ ၂၀၁၂။

mgyoe.com

## ဒွိဟနဲ့ စောင့်မျှော်မောဟ

သမီးငယ် အထက်တန်းကျောင်းသူကလေး
ကျောင်းဆင်းလို့ အိမ်ပြန်လာရမယ့်အချိန်
အိမ်ကနေ ငါစောင့်မျှော်မောနေမိ။

မိုးကလည်း သည်းသည်းထန်ထန်ရွာလို့
အချိန်ကလည်း တစ်နာရီနီးပါးလောက် နောက်ကျလို့
အချိန်ပိုသင်ဖို့များရှိလို့လား ဒွိဟနဲ့။

၂၈၊ ၂၀၀၂။

mgyoe.com

mgyoe.com

## မိုးခိုသူနှစ်ဦး

တိုက်ခေါင်မိုး အစွန်းဖျားက
တံခါးရွက်ထိပ်နားမှာ
မိုးခိုနေတဲ့ ကျီးကန်းတစ်ကောင်။

တိုက်လမ်းကြား အဖီစွန်းကလေးထဲ
မြို့ပြမိုးရေစက်တွေ အရွှဲသားနဲ့
မိုးတိတ်ဖို့ စောင့်စားနေသူဟာ ငါပေါ့။

၂၊ ၈၊ ၂၀၁၂။

mgyoe.com

mgyoe.com


## မိုးကိုဘယ်သူတိတ်စေမှာလဲ

မိုးကို ဘယ်သူတိတ်စေမှာလဲ
လမ်းကို ဘယ်သူဖြူးစေမှာလဲ
မျှော်လင့်စောင့်စားရင်း သူတို့အသက်တွေ ရင့်အိုလာ။

မိုးကလည်း အခုထိမတိတ်နိုင်သေး
လမ်းကတော့ ပိုလို့တောင် ဗွက်တွေပေါက်
သူတို့ကလေးတွေ တစ်ကိုယ်လုံးလည်း အနာတွေပေါက်နေပြီ။

၂၊ ၈၊ ၂၀၁၂။

mgyoe.com

mgyoe.com

## မိုးသည်းသည်းထဲ သတိရချက်

မိုးသည်းသည်း လမ်းမပေါ်
ကလေးတစ်သိုက် ဘောလုံးကန်နေကြပုံ
လှမ်းကြည့်ရင်း သတိရမိ။

ငါ၏လူ့ရှယ်ဘဝဖြတ်သန်းရာ
မြစ်ဝကျွန်းပေါ်မြို့ကလေးများ
ငယ်သူငယ်ချင်းများရှိသေးရဲ့လား။

၂၈၊ ၂၀၁၂။

mgyoe.com

## မှုန်ရီဝိုးတဝါး

ရွှေရောင်တောက်ပခဲ့တဲ့
ငါ့ဘဝရဲ့ စာမျက်နှာတွေ
အခု အဲဒါတွေ ဘယ်ရောက်သွားကြပြီလဲ။

တမ်းတကြေကွဲစရာလား
လွမ်းမောသတိရစရာလား
မိုးရေစက်တွေကြားမှာ မှုန်ရီဝိုးတဝါး ပျောက်ဆုံးသွား။

၂၊ ၈၊ ၂၀၁၂။

mgyoe.com

mgyoe.com

## ငါးရှာမရတဲ့အဖြေ

ငါးစားပွဲထက်မှာ
ကော်ဖီမစ်တစ်ခွက်နဲ့ ရေနွေးကြမ်းတစ်ခွက်
ကော်ဖီသောက်ချင်တာလား ရေနွေးကြမ်းသောက်ချင်တာလား။

ဘာသောက်ချင်တာလဲ
နှစ်မျိုးစလုံး သောက်ချင်တာလား
စဉ်းစားသေချာ အဖြေ ငါးရှာမရ။

၂၊ ၈၊ ၂၀၁၂။

mgyoe.com

mgyoe.com


## ဒီနေ့ဘယ်ကိုမှငါမသွား

ဒီနေ့ ဘယ်ကိုမှ ငါမသွား
ငါ့အိမ်မှာ ငါနေပြီး
ငါ့ကဗျာတွေ ငါရေးတယ်။

ဒီနေ့ ဘယ်ကိုမှ ငါမသွား
ငါ့အိမ်မှာ ငါနေပြီး
ငါ့ကမ္ဘာကို ငါပတ်တယ်။

၂၊ ၈၊ ၂၀၁၂။

mgyoe.com

mgyoe.com

## လက်ပတ်နာရီတစ်လုံးလို

လက်ပတ်နာရီအသစ်တစ်လုံးရသလို
ရေးဖွဲ့သီကုံးဖို့
ပုံသဏ္ဍာန်အသစ်တစ်ခု ငါရခဲ့။

လက်ပတ်နာရီတစ်လုံးလိုပဲ
အဲဒီအရာကရော
ဘယ်လောက်အထိ သက်တမ်းရှည်အသုံးခံမှာလဲ။

၂၊ ၈၊ ၂၀၁၂။

mgyoe.com

## တိတ်ဆိတ်သန်းခေါင်ယံထဲ

ညဦးပိုင်းတုန်းက တဝေါဝေါရွာခဲ့တဲ့မိုး
အခုတော့ တိတ်သွားပြီ
တစ်အိမ်သားလုံးလည်း အိပ်သွားကြပြီပေါ့ ငြိမ်သက်လို့။

တိတ်ဆိတ်အေးချမ်းတဲ့ သန်းခေါင်ယံထဲ
တစ်ကိုယ်တည်း ငါထလာခဲ့ပေါ့
အိမ်ရှေ့က စာရေးစားပွဲဆီ။

၃၊ ၈၊ ၂၀၁၂။

mgyoe.com

mgyoe.com

## မလှန်ဖြစ်သေးတဲ့စာမျက်နှာသစ်

နံရံပေါ်က ပြက္ခဒိန်စာရွက်ကို
အသစ်မလှန်ရသေး
သုံးရက်တောင် ကျော်ခဲ့ပြီ။

ငါ့ဘဝရဲ့ စာမျက်နှာသစ်ကို
မလှန်ဖြစ်သေးတာရော
ဘယ်နှနှစ်တောင် ကျော်ခဲ့ပြီးပြီလဲ။

၃၊ ၈၊ ၂၀၁၂။

mgyoe.com

mgyoe.com

## ပန့်ချ်ယဉ်ကျေးမှု

ဝီစကီသောက်မှာလား ဂျင်သောက်မှာလား
နှစ်မျိုးစလုံးကို သစ်သီးဖျော်ရည်နဲ့ ရောစပ်
ပန့်ချ်လုပ်ပြီး သောက်ခဲ့။

ဟိုက္ကူရေးမှာလား တန်ကရေးမှာလား
မမေးပါနဲ့
ပန့်ချ်လုပ်ပြီး ရေးခဲ့ပြီ။

၃၁.၈၊ ၂၀၁၂။

mgyoe.com


mgyone.com

## သင့်သဘောသင့်အလို

ကဗျာတိုကလေးတွေပါ
ဝတ္ထုတိုကလေးတွေ ဖတ်ရှုသလို
ဖတ်ချင်လည်း ဖတ်လိုက်ပေါ့။

ကဗျာတိုကလေးတွေပါ
ဆေးလိပ်တိုကလေးတွေ လွှင့်ပစ်သလို
ပစ်ချင်လည်း ပစ်လိုက်ပေါ့။

၃၊ ၈၊ ၂၀၁၂။




mgyone.com

## ငြိမ်းချမ်းရေးနှင့် စစ်

ပြည်တွင်းငြိမ်းချမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး
ထာဝရငြိမ်းချမ်းရေး
စကားလုံးကလေးတွေက လှပသလိုလိုပဲ။

မီဒီယာပေါင်းစုံမှာ
နေ့စဉ်မြင်ကြား ခံစားနေရတာကတော့
အနိဋ္ဌာရုံစစ်ပွဲ သတင်းတွေချည်းသာ မလွဲ။

၄၊ ၈၊ ၂၀၁၂။



mgyoe.com

mgyoe.com


## ဟောဒီ နေ့ရက်တွေ

အလုပ်မရှိ ဝင်ငွေမရှိတဲ့
ဟောဒီနေ့ရက်တွေမှာ
လူက အားငယ်နေသလိုလို ဘာလိုလို။

တကယ်တော့ စိတ်လက်ပေ့ါပါး
ဘာဖိအားမှ မရှိ
ပကတိငြိမ်းချမ်းနေခဲ့တာ။

၄၊ ၈၊ ၂၀၁၂။

mgyoe.com

mgyoe.com

## မလိုတော့တဲ့အချိန်

နေ့အလင်းနဲ့ ညမီးရောင်ထဲ
သဲကွဲပြတ်သားစွာ မြင်နိုင်ဖို့
ငါ့မှာ မျက်မှန်လိုသေးတယ်။

မီးပျက်သွားတဲ့ည
အမှောင်မိုက်ထဲ
မျက်မှန်လည်း တပ်စရာမလိုတော့။

၄၊ ၈၊ ၂၀၁၂။

mgyoe.com

mgyoe.com

## ဖတ်သူဘက်ကရပ်ကြည့်ခြင်း

လက်ဆောင်အဖြစ် သူပေးခဲ့
သူ့ကဗျာစာအုပ် ရှုပ်ထွေးခက်ခဲ
အဲဒါကို ငါဖတ်ရှုပြီးတဲ့နောက်။

ရှင်းလင်းလွယ်ကူတဲ့ ကဗျာတွေကိုသာ
ငါရေးဖွဲ့လိုလှ
ဖတ်သူဘက်က ရပ်ကြည့်ခြင်း။

၇၊ ၈၊ ၂၀၁၂။

mgyoe.com

mgy

## ရှစ်လေးလုံးသို့ အမှတ်တရ

နေရောင်လင်းပွင့်စဒီနေ့
နှင်းတွေ အကုန်မလွင့်ပြယ်သေး
မှုန်ရေးရေးလမ်းကြောင်းမြင်။

အသက်တွေ ဘဝတွေ ရင်းပြီး
ယုံကြည်ချက်နဲ့ အုံကြွပုန်ကန်ခဲ့ကြ
လွန်ခဲ့တဲ့ ၂၄ နှစ်တုန်းကပေါ့။

၈၊ ၈၊ ၂၀၁၂။

mgyoe.com

mgyoe.com

## ချစ်စဖွယ်လောကကြီး

ငှက်သံ၊ ကြက်သံ၊ ဘဲသံ
ကြောင်သံ၊ ခွေးသံ၊ နွားသံ
လူသံ၊ စက်သံ၊ လေတိုက်သံ။

အသံပေါင်းစုံ ဆူညံလျက်
နံနက်ခင်းသစ် ဖွင့်လှစ်
ချစ်စဖွယ်လောကကြီး။

၈၊ ၈၊ ၂၀၁၂။

mgyoe.com

## ဘာမှမရတဲ့နေ့

ကဗျာမရ၊ ပညာမရ
ကုသိုလ်မရ၊ ပိုက်ဆံမရ
မျက်နှာကောင်းလည်းမရတဲ့ နေ့တစ်နေ့။

ငါမမေ့အောင်လို့
ငါ့ကဗျာဒိုင်ယာရီထဲ ရေးထားခဲ့မယ်
မင်းနဲ့တော့ မဖြစ်ချေဘူး။

၁၂၊ ၈၊ ၂၀၀၂။

mgyoe.com